| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | မြေနေရာကျယ်ဝန်းသည်။ |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | ဂဏန်းထောင်ခြင်း၊ဂျင်းကောက်ခြင်းလုပ်ငန်းသာလုပ်ကိုင် |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ချေးငွေ | လုံလောက်မှုမရှိ |
| သွင်းအားစု လက်လှမ်းမီမှု | |
| လိုင်စင်လက်လှမ်းမီမှု | မရှိ |
| ထုတ်ကုန် ရောင်းဝယ်မှု | ဘုတ်ပြင်းမြို့ဈေး |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာတွင် ဒေသမျိုးတိရစ္ဆာန်များကို အိမ်တွင်းတစ်နိုင်တစ်ပိုင် မွေးမြူကြသည်။ ကျေးရွာတွင် စားကျက်မြေ သီးခြားမရှိပါ။ လယ်ကွက်မြေများတွင်သာ ကျွဲနွားများစားကျက် ပြုလုပ်ကြသည်။ သို့ရာတွင် အိမ်တွင်းမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန် မြေနေရာအကျယ်အဝန်းရှိပါသည်။ ဘုတ်ပြင်းမြို့နှင့် နီးသောကြောင့် သွင်းအားစုများ ဝယ်ယူရန်လွယ်ကူပါသည်။ ထုတ်ကုန်များရောင်းချရာတွင်လည်း အဆင်ပြေပါသည်။ ကျေးရွာတွင်ချေးငွေများထုတ်ချေးပေးသော အဖွဲ့များနှင့် ပုဂ္ဂလိက ငွေချေးပေးသူများ ရှိသော်လည်း လုံလောက်မှုမရှိကြောင်း တွေ့ရသည်။

### (၂.၂.၂.၃) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | အခက်အခဲ ရှိပါသည်။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကြက်နာများ ဖြစ်ပွားမှု မြင့်မားပါသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | မွေးမြူရေးဆိုင်ရာနည်းပညာထောက်ပံ့မှုအားနည်း |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | မရှိ(တစ်နိုင်တစ်ပိုင်မွေးမြူသည်။ |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | ကိုယ်ပိုင်လုပ်ကိုင်သူမရှိ |
| ချေးငွေ ရရှိနိုင်မှု | မရှိ |
| ထုန်ကုန်များ ရောင်းချနိုင်မှု | – |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ်

ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာတွင် အိမ်တွင်းတစ်နိုင်တစ်ပိုင်သာမွေးမြူကြသည်။ မွေးမြူရေးလုပ်ငန်း တိုးတက်ရန်အတွက် နည်းပညာနှင့် ရောဂါကာကွယ်ထိန်းချုပ်ရန် အထူးလိုအပ်နေပါသည်။ မွေးမြူရေးတိုးချဲ့လုပ်ကိုင်လိုသော်လည်း ရောဂါကာကွယ်ကုသနည်းများ နားလည်မှု မရှိခြင်း၊ ငွေအရင်းအနှီးလုံလောက်မှု မရှိခြင်း စသည်တို့က အဟန့်အတား ဖြစ်စေပါသည်။သို့ပါ၍ ရောဂါကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း၊ မွေးမြူရေးလုပ်ငန်းအတွက် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့များမှ ကာလရှည်ချေးငွေများ ရရှိခြင်း စသည်တို့ကလည်း မွေးမြူရေးတိုးချဲ့လုပ်ကိုင်ရန် အထောက် အပံ့ ဖြစ်စေနိုင်ပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| မြို့နှင့် အလှမ်းမဝေးခြင်း | ဘုတ်ပြင်းမြို့နှင့် (၃) မိုင်ခန့်သာ ကွာဝေးပြီး သွားလာရ လွယ်ကူပါသည်။ |
| စာတတ်မြောက်သူများ လာခြင်း | အတန်းပညာ တတ်မြောက်သူအသင့်အတင့်ရှိပါသည်။ဘွဲ့ရဦးနည်းပါးသည်။ |
| ကျေးလက်/ဦးစီးဌာနမှ သင်တန်းများ ရနိုင်ခြင်း | ဝင်ငွေတိုးလုပ်ငန်းများဆိုင်ရာ နည်းပညာသင်တန်းများ ပေးနိုင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သက်ဆိုင်ရာ အခြား ဦးစီးဌာန များ ရှိနေပါသည်။ |
| အလုပ်လုပ်နိုင်သူ ဦးရေ များခြင်း | လုပ်သားအင်အားများပြားပါသည်။ |
| ကုန်ကြမ်းပေါများခြင်း | ဥယျာဉ်ထွက်ကုန်များအသင့်အတင့် ပေါများပါသည်။ (ကွမ်းသီး) |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာတွင် ဘွဲ့ရပညာတတ်နည်းပါးသော်လည်း ပညာတတ်မြောက်မှု အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင်လုပ်သားအင်အားပေါများသည်။ ကျေးရွာတွင်ဥယျာဉ်ကိုလုပ်ကိုင်သောကြောင့်ဥယျာဉ်ထွက်သီးနှံများအသင့်အတင့်ပေါများပါသည်။

### (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့်အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ပညာတတ်မြောက်မှု နည်းပါးခြင်း | မူလတန်း/အလယ်တန်း။ အလယ်တန်းအဆင့်တွင်သာ ရပ်နားခဲ့သူများပါသည်။ဘွဲ့ရသူအနည်းငယ်လည်းရှိသည်။ |
| အလုပ်အကိုင် ရှားပါးခြင်း | စိုက်ပျိုးရေးလုပ်ငန်နှင့်ရေလုပ်ငန်းကိုသာ အဓိက လုပ်ကိုင်ကြသည်။ |
| အသက်မွေးဝမ်းကျောင်းပ ညာများ တတ်မြောက်မှုနည်းခြင်း | အခြေခံ လုပ်ငန်းများကိုသာ လုပ်ကိုင်နိုင်ကြပါသည်။ |
| ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ရန် နည်းပညာမရှိခြင်း | အခြားစီးပွားရေးလုပ်ငန်းများအတွက် အသိပညာ စဥ်းစားမှု၊ လုံလောက် သော ကျွမ်းကျင်မှု အားနည်းကြပါသည်။ |
| ငွေကြေး အရင်းအနှီး မတတ်နိုင်ခြင်း | အများစုမှာ လုပ်ငန်းများ စတင်လုပ်ကိုင်ရန် ငွေကြေး အရင်းအနှီး လုံလောက်မှု မရှိကြပါ။ |
| လျှပ်စစ်မီး မရရှိခြင်း | ဆိုလာမီးကိုသာအသုံးပြုကြသည်။ |
| ဈေးကွက်ဆိုင်ရာ အသိရှိမှု နည်းပါးခြင်း | ဘုတ်ပြင်းမြို့နှင့်နီးသောကြောင့် ဈေးကွက်ဆိုင်ရာသိရှိမှု အသင့်သင့်ရှိသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။။** ကမာချောင်းကျေးရွာတွင် ပညာတတ်မြောက်မှုနှုန်းမှာ အလယ်တန်းအဆင့်ထိ အများဆုံးနေထိုင်ကြသူများနှင့် ဘွဲ့ရသူအနည်းငယ်သာရှိပါသည်။ ကျေးရွာတွင် အခြေခံလုပ်ငန်းများကိုသာ လုပ်ကိုင်ကြပါသည်။ အချို့အိမ်ထောင်စုများမှာ ငွေကြေးအရင်းနှီးလုံလောက်စွာ မရရှိနိုင်သောကြောင့်လုပ်ငန်းများ မလုပ်ကိုင်နိုင်ပါ။ ကျေးရွာရှိ အိမ်ထောင်အများစုသည် ဆိုလာမီးကိုအများဆုံးအသုံးပြုကြပါသည်။ ကမာချောင်းကျေးရွာသည် ဘုတ်ပြင်းမြို့နဲ့နီးသောကြောင့် ဈေးကွက်ဆိုင်ရာ အသိရှိမှုများအသင့်အတင့်များရှိသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သားရှိသော | ၄ | | ၃ | | ၁ | | | ၁ | ၃ | ၄ |

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| | အိမ်ထောင်စုနှင့် လူဦးရေ | | | | | | | | | | |
| | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | - | | - | | - | - | - | | - | |
| ၂ | ၆ လ အထိ | - | - | ၂ | ၂ | ၁ | - | ၁ | ၁ | ၂ | ၃ |
| | ၁၂ လ အထိ | - | | - | | - | - | - | | - | |
| | ၁၂ လ အထက် | - | - | ၁ | ၁ | - | - | - | - | ၁ | ၁ |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာတွင်ပြောင်းရွှေ့သွားလာလုပ်ကိုင်သူ ပြည်တွင်းအမျိုးသမီး(၃)ဦးနှင့် ပြည်ပ ကျား(၁)ဦးသာရှိသည်။ လအနည်းငယ်ကြာအောင်သာ သွားရောက်လုပ်ကိုင်လေ့ရှိကြောင်းတွေ့ရှိသည်။

## (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၄ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာမှ ပြည်တွင်းပြည်ပ သွားရောက်လုပ်ကိုင်သူများသည် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်သောကြောင့် သွားရောက်လုပ်ကိုင်ခြင်းဖြစ်သည်။ ကျေးရွာရှိအိမ်ထောင်စုအများစုမှာ ကျေးရွာအတွင်း အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသော်လည်း ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းမရှိပဲ မိမိကျေးရွာတွင်သာ ခက်ခဲစွာ လုပ်ကိုင်စားသောက်နေကြသည်။ ထို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက် ကောင်းမွန်လာပါက

ကျေးရွာအတွင်းရှိအိမ်ထောင်စုများ၏ အလုပ်အကိုင်အခက်အခဲများ ပြေလည်နိုင်မည်ဖြစ်သည်။

### (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၄ | ၅.၅% | - | ၁ | ၃ |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | | - | - | - | - |
| | - ဘဏ် | ၁ | ၁.၄% | - | ၁ | - |
| | - လူကြုံ/ကိုယ်တိုင်ဖြင့်လွှဲပို့ခြင်း | ၃ | ၄.၁% | - | - | ၃ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာတွင် ပြောင်းရွှေ့လုပ်ကိုင်သူ (၄)ဦးသာရှိပြီး ပြန်ပို့ငွေမှီခိုနေသောအိမ်ထောင်စု (၁)စုသာရှိသည်။ အခြားအိမ်ထောင်စုများမှာ ပြန်ပို့ငွေ အနည်းငယ်သာရှိနေသည်။

### (၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး (မိုင်) | ဘုတ်ပြင်းဈေး (၂မိုင်-၂ဖာလုံ) | (၂ မိုင် -၂ဖာလုံ) ဘုတ်ပြင်းမြို့ |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၄င်း၏ အထောက်အပံ့များ | ပြည်ထောင်စုလမ်းမကြီး | ကား၊ ဆိုင်ကယ်၊ |
| ကုန်စည်နှင်ဝန်ဆောင်မှု ရရှိနိုင်မှု အမျိုးအစားများ | ဆန်၊ ဆီ၊ အဝတ်အထည်၊ အိမ်ဆောက်ပစ္စည်း | ဆန်၊ ဆီ၊ အဝတ်အထည်၊ အိမ်ဆောက်ပစ္စည်း |
| ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု | နိမ့် | နိမ့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဘုတ်ပြင်းမြို့ဈေးနှင့်နီးသောကြောင့် ရောင်းဝယ်ဖောက်ကားမှုဆင်ပြေ

ချောမွေ့ပါသည်။ ဖုန်းလိုင်းများကောင်းမွန်သောကြောင့်လည်း စျေးကွက်စုံစမ်းရလွယ်ကူပါသည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရ မည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| မြစိမ်းရောင်ချေးငွေ | ချေးငွေ | ၆ လ | ၁.၅ ကျပ် | မလို | ငွေကြေးပမာဏ အကန့်အသတ်ရှိ |
| သမ ချေးငွေ | ချေးငွေ | ၆ လ | ၂ ကျပ် | မလို | အဖွဲ့ဝင်ဖြစ်မှ ငွေချေး |
| ငွေချေးပေးသူ | - | - | - | - | - |
| အပေါင်ဆိုင် | - | - | - | - | - |
| မိတ်ဆွေနှင့်ဆွေမျိုးများ | ချေးငွေ | ကာလတို | မလို | မလို | ငွေကြေးပမာဏအကန့်သတ်ရှိ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှုပေးသောအဖွဲ့များ။

မှတ်ချက်။ ။ ငွေကြေး ဝန်ဆောင်မှု အမျိုးအစား - ချေးငွေ၊ စုငွေ၊ အာမခံစနစ်

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်း ဆင်းရဲနွမ်းပါးသူများကို အလုပ်လုပ်ရာတွင် ပျင်းရိသူ များဟု ငွေကြေးရှင်များက မယုံကြည်သဖြင့် ငွေထုတ်မချေးပေးကြပါ။ မြစိမ်းရောင်နှင့် သမချေးငွေ ဝန်ဆောင်မှုတို့မှာ လူဦးရေအကန့်အသတ်၊ ငွေကြေးအကန့်အသတ်တို့ကြောင့် လုံလောက်မှု မရှိ သဖြင့် ကျေးရွာမှလိုအပ်သော အိမ်ထောင်စုတိုင်း ချေးငွေ မရရှိကြပါ။ မိတ်ဆွေနှင့်ဆွေမျိုးများမှ ချေးငွေရရှိသော်လည်း ငွေကြေးပမာဏ အကန့်သတ်ရှိသည်။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

### (၂.၆.၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီလွှာ အခြေအနေ | မြင့် | ဆားငန်ရေဝင်ရောက် |
| အပင်မျိုးစိတ်များ | မြင့် | ဆားငန်ရေဝင်ရောက် |

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | မြင့် | ပဲစိုက်ခင်းများ ဖျက်ပိုးအကျများ |
| ရေအရင်းအမြစ် | - | - |
| ငါးမျိုးကွဲများ | မရှိ | - |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့် | ဒီရေတော ပျက်စီးမှုများလာ၍ တိရစ္ဆာန်များအတွက် အန္တရာဘ် ရှိနိုင်ပါသည်။ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့် | ပလပ်စတစ်၊ အသုံးအဆောင်များ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မီးသွေးဖုတ်ရန်အတွက် ထင်းများ ခုတ်ယူခြင်း၊ ပင်လယ်ကမ်းစပ်တွင် ပေါက်သော အပင်မျိုးစိတ်များ အများအပြားရှိသော်လည်း မျိုးတုန်း ပျက်စီးမှုများ မြင့်မားလာ ပါသည်။ ဒီရေတောများ ပျက်စီးမှုများလာ၍ ၎င်းတို့ကို မှီခိုနေရသော သားငါး၊ တိရစ္ဆာန်များ အတွက် အန္တရာယ်ရှိလာနိုင်ပါသည်။ စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်သည့် အလေ့အထ မရှိကြပါ။ ဆိုးကျိုးအားဖြင့် ပတ်ဝန်းကျင် ညစ်ညမ်းခြင်း၊ သားငါး ပုဇွန်များ မျိုးပွားရန်အတွက် ထိခိုက်နိုင်ခြင်း၊ ရေထုညစ်ညမ်းခြင်း စသည်တို့ ဖြစ်ပွားလာနိုင်စေပါသည်။

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၁၀ နှစ်နှင့်အထက် လူဦးရေ၏ % |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၈ | ၁၃ | ၂၁ | ၈.၁၇ |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၁ | ၂ | ၃ | ၁.၁၈% |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၃၁ | ၃၂ | ၆၃ | ၂၄.၅၁% |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၄၉ | ၆၀ | ၁၀၉ | ၄၂.၄၀% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၂၁ | ၂၈ | ၄၉ | ၁၉.၀၇% |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၅ | ၂ | ၇ | ၂.၇၂% |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၂ | ၃ | ၅ | ၁.၉၅% |

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၁၀ နှစ်နှင့်အထက် လူဦးရေ၏ % |
|---|---|---|---|---|
| ၁၀ နှစ်နှင့်အထက် လူဦးရေပေါင်း | ၁၁၇ | ၁၄၀ | ၂၅၇ | ၁၀၀% |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာတွင် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၉၀.၆၅) ရာခိုင် နှုန်း ရှိပါသည်။ ဘွဲ့ရသူဦးရေ (၅) ဦးအထိ ရှိနေပြီ ဖြစ်သည်။ မူလတန်းပညာပြီးမြောက်မှုမှာ (၁၀) နှစ် အထက်လူဦးရေ၏တစ်ဝက်ခန့်ရှိပြီး၊ အလယ်တန်းနှင့် အထက်တန်းတို့တွင် သိသာစွာ လျော့နည်းလာပါသည်။ သို့သော် အထက်တန်းပညာရေးပြီးဆုံးနှုန်းမှာ ၂.၇၂%သာ ရှိသည့်အတွက် အထက်တန်းပညာပြီးဆုံးရေးသည် ပညာရေးတိုးတက်မှုအတွက် အဓိက ဖြစ်ကြောင်း တွေ့ရသည်။

## (၂.၇.၂) လက်ရှိ ကျောင်းတက်နှုန်း

ဇယား (၃၁) လက်ရှိ ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း(၅-၉ နှစ်) | ၁၉ | ၂၇ | ၄၆ | ၄၆/၄၃ ( ၁၀၇%)<br>၉နှစ်အထက်များလည်းပါဝင် |
| အလယ်တန်း (၁၀-၁၄နှစ်) | ၇ | ၁၇ | ၂၄ | ၂၄/၅၁ (၄၇%) |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၂ | ၆ | ၈ | - |
| တက္ကသိုလ် ကျောင်းသား၊ သူ | ၁ | ၁ | ၂ | - |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ မူလတန်းအဆင့်တွင် (၁၀-၁၄နှစ်) ကိုးနှစ်အထက်အသက် အရွယ်များလည်းပါဝင်နေသည်။ ကျေးရွာတွင်လက်ရှိအခြေနေအရ တက္ကသိုလ်ကျောင်း တက်နေသော ကျောင်းသား၂-ဦးသာရှိသည်။ ကျေးရွာတွင် လက်ရှိကျောင်းတက်နေသော ကျောင်းသားဦးရေမှာ မူလတန်းမှ တက္ကသိုလ်ထိ (၈၀)ဦးရှိပါသည်။

## (၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | မူလတန်းကျောင်း | |
|---|---|---|
| ရွာမှ အကွာအဝေး(မိုင်) | ကျေးရွာတွင်း | မူလတန်းအဆင့် အခမဲ့ ပညာရေး |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | မရှိ | ကျေးရွာတွင်း မူလတန်းကျောင်း |
| စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်) | ၂၄’ x ၄၀’ x ၁၂’ | |
| အမိုး၊ နံရံ၊ အခင်း အရည်အသွေး | သွပ်မိုး၊ အုတ်စီ၊ | ကြမ်းခင်း ၊ မျက်နှာကျက် ၊ |

| အကြောင်းအရာ | မူလတန်းကျောင်း | | | |
|---|---|---|---|---|
| | ကွန်ကရစ်ခင်း | | | ပြတင်း ၊ တံခါးများညံ့ |
| ကျောင်းသုံး ပရိဘောဂ (လုံလောက်မှု ရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ | ပရိဘောဂ လုံလောက်မှု ရှိပါသည်။ ကျောင်းအိမ်သာမှာ ရေပေါ်အိမ်သာ ဖြစ်ပါသည်။ | | | ယင်လုံအိမ်သာ |
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ) | ကျောင်းဖွင့်ချိန် တစ်လတစ်ခါ။ | | | ရွာမှ အလှူရှင် / ကျောင်းမှ ကျခံ ကျွေးမွေးပါသည်။ |
| ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | |
| အစိုးရခန့် | ၂ | ၄ | ၆ | |
| ကျေးရွာခန့် | - | - | - | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာတွင် မူလတန်းအဆင့် စာသင်ကျောင်းရှိပါသည်။ နှစ်ပေါင်းကြာသောကြောင့် အနည်းငယ်ယိုယွင်းမှု ရှိနေပြီးပြတင်း၊တံခါး၊ မျက်နှာကျက်နှင့် အခင်းများ ညံ့နေပါသည်။ လတ်တလောအချိန်တွင် ကျောင်းပရိဘောဂမှာ လုံလောက်မှု ရှိပါသည်။ ကျောင်းဝင်းအတွင်းတွင် အားကစားကွင်း မရှိပါ။ ကျောင်းတွင်လည်း အားကစားနှင့် ပတ်သက်သော ပစ္စည်းများ ထောက်ပံ့ပေးထားခြင်း မရှိပါ။ ကျောင်းတွင် တစ်လတစ်ကြိမ် အလှူရှင်မှ သို့မဟုတ် ကျောင်းအစီအစဉ်ဖြင့် အာဟာရတိုက် ကျွေးမှုများ ရှိပါသည်။

## (၂.၇.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက်မှု ရှိပါသည်။ |
| တပည့် - ဆရာ အချိုး | အချိုးညီ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | အသင့်တင့် |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | တစ်ယောက်ရှိ၊ ကျောင်းမနေ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | ဗလာစာအုပ်၊ ပြဋ္ဌာန်းပုံနှိပ်စာအုပ် အပြည့် အစုံ၊ ဝတ်စုံ တစ်စုံစီ ကို ပညာရေးဦးစီးဌာနမှ ပံ့ပိုးပေးပြီး၊ လေ့ကျင့်ခန်း စာအုပ်နှင့် စာရေး ကိရိယာများကို ကျောင်းသား ဝယ်သုံးရပါသည်။ |

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | အခမဲ့ ပညာရေးစနစ်ကို အကောင်အထည် ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစုများ အတွက်လည်း အခက်အခဲမရှိ ကျောင်း တက်ခွင့် ရနေပါသည်။ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | မရှိ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကျောင်းကော်မတီရှိပြီး ကျောင်း၏လိုအပ်ချက်များကို ကျေးရွာ သားများနှင့် တိုင်ပင် လုပ်ဆောင်ကြပါသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ အခမဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေပါသည်။ မိဘဆရာ အစည်းအဝေးများ ပုံမှန်ပြုလုပ်ကြပြီး လိုအပ်ပါက ထပ်မံခေါ်ယူဆွေးနွေးပါသည်။ မိဘနှင့် ဆရာ များ ပူးပေါင်းဆောင်ရွက်မှု အားကောင်းပါသည်။ ထို့အပြင် ကုန်ကျစရိတ် သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်း လိုအပ်နေပါသည်။

## (၂.၈) ကျန်းမာရေးနှင့် အာဟာရ

### (၂.၈.၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | | ✓ | | |
| ၂ | သွေးလွန်တုပ်ကွေး | | | ✓ | |
| ၃ | ငှက်ဖျား | | ✓ | | |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | | | ✓ | |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | | | ✓ | |
| ၆ | တီဘီ | | ✓ | | |
| ၇ | ဆီးချို | | ✓ | | |
| ၈ | သွေးတိုး | | ✓ | | |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | | | ✓ | |
| ၁၀ | အာဟာရ ချို့တဲ့မှု | | | ✓ | |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | | | ✓ | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာတွင် ကျန်းမာရေးအဖွဲ့များဝင်ရောက်မှုကြောင့် ရောဂါဖြစ်ပွားမှုနည်းပါးသည်။ ဘုတ်ပြင်းမြို့နယ်ဆေးရုံနှင့် ၂မိုင်-၂ဖာလုံသာဝေးသောကြောင့် ကျန်းမာရေးတွက်ဆင်ပြေပါသည်။

## (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | | |
| ၃ | ပိုလီယိုရောဂါ | ✓ | | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | | |
| ၅ | ဝက်သက်ရောဂါ | ✓ | | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ✓ | | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | | |
| ၈ | အာဟာရပညာပေး အစီအစဉ် | ✓ | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာသို့ ဘုတ်ပြင်းမြို့ သားဖွားဆရာမမှ တစ်လတစ်ကြိမ် လာရောက်၍ ကိုယ်ဝန်ဆောင်မိခင်များအတွက် စစ်ဆေးပေးခြင်းနှင့် ကလေးသူငယ်များအတွက် ကာကွယ်ဆေး တိုက်ကျွေးခြင်း စသည်တို့ လုပ်ဆောင်ပေး လေ့ရှိပါသည်။ ထို့ကြောင့်လည်း ရောဂါဖြစ်ပွားမှုများ နည်းပါးပါသည်။

## (၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာနခွဲ | - | ၃၀*၄၀*၁၂ မြေစိုက်၊သွပ်မိုး ၊ထရံကာ၊လိုက်ကာကန့် (၁) ခု၊ | - | | |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှုရှိ/မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| | | လူနာခုတင်(၁) | | | |
| မြို့နယ်ဆေးရုံ | ၂မိုင်-၂ဖာလုံ | ၂၅ ခုတင် ဆန့်ဆေးရုံ | ဆရာဝန် - ၁<br>သူနာပြု - ၃<br>သားဖွားဆရာမ - ၄ | ဆေးဝါးလုံလောက်<br>သိုလှောင်မှုပုံစံကောင်း | |
| ဆေးဆိုင် | - | အိမ်ဆိုင်များ | ဆေးဝါးကျွမ်းကျင်သူ (ဟုတ်/မဟုတ်) - မဟုတ် | လက်လှမ်းမှီမှု- ရှိ<br>သိုလှောင်ပုံစနစ်- အသင့်အတင့် | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက၂မိုင်-၂ဖာလုံခန့်ဝေးသော ဘုတ်ပြင်းမြို့နယ်ဆေးရုံသို့သွားရောက်ကြသည်။ဆေးရုံတွင် ဆရာဝန် (၁) ဦး၊ ထမိန်အစိမ်းသူနာပြု (၁)ဦး၊ ထမိန်အပြာသူနာပြု (၂)ဦး၊ ထမိန်အနီသူနာပြု (၄)ဦး ရှိပါသည်။ အသေးစားကျန်းမာရေးနှင့်ဆိုင်သောဆေးဝါးများကို ကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များတွင် ရရှိနိုင်ပြီး အကြီးစားကျန်းမာရေးအတွက်ကား ဘုတ်ပြင်းမြို့ပေါ်ရှိ ဆေးဆိုင်များတွင် ရနိုင်ပါသည်။

ကျေးရွာအတွက် ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရန် လုပ်ဆောင်သင့်သည်များမှာ ကျန်းမာရေးဝန်ထမ်းတစ်ဦး ရှိခြင်းဖြင့် ကျေးရွာရှိ အိမ်ထောင်စုများအတွက် ကောင်းမွန်သောအကျိုးသက်ရောက်မှု ရှိလာပါမည်။ ထို့အပြင် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကိုလည်း အခါအားလျော်စွာ ပြုလုပ်ပေးခြင်းဖြင့် ကျေးရွာသူ/သားများ၏ ကျန်းမာရေးအသိများ တိုးတက်လာနိုင်ပါမည်။

## (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၃၉ | - | - | - | - | |
| အဝီစိတွင်း/စက်တပ် | ၅ | ကောင်း | - | ✓ | ✓ | |
| အဝီစိတွင်း/တုံကင် | - | - | - | - | - | |
| မိုးရေသိုလှောင်ကန် | ၂ | - | - | - | - | |
| မြစ်/ချောင်း | - | - | - | - | - | |
| ရေကန် | - | - | - | - | - | |

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | - | - | - | - | - | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာတွင် အိမ်ထောင်စုအများစုမှာ တွင်းရေကိုသာ အသုံးပြုကြသည်။ အဝီစိစက်တပ်တွင်းများရှိသော်လည်း ရေပေးဝေရေးပြုလုပ်သောအိမ်ထောင်စုမှာ အနည်းငယ်သာရှိသည်။ ERLIP ဖွဲ့မှ ပထမနှစ်စီမံကိန်းအနေဖြင့် အဝီစိစက်တပ်တွင်း ပြုလုပ်ပေးထားသည်။ သို့သော်လည်းတစ်ရွာလုံးရေပေးဝေရေးအတွက်လုံလောက်ခြင်းမရှိပါ။ ရေပိုက်လိုင်းများ အိမ်တိုင်းစေ့သွယ်တန်းနိုင်ရန် ကျေးရွာကော်မတီများနှင့် ကျေးရွာသူရွာသားများ စည်းလုံးဆောင်ရွက်ရန် လိုအပ်နေသေးသည်။

## (၂.၉.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ရေလောင်း/ယင်လုံအိမ်သာ | ၄၉ | အဆင်ပြေသောအိမ်ထောင်စုများ |
| ကျင်းအိမ်သာ | ၂ | |
| မြေ/ရေပေါ်အိမ်သာ | ၆ | ဆင်းရဲသောအိမ်ထောင်စုများသာ |
| တောထိုင် | ၁၆ | အဆင်းရဲဆုံးအိမ်ထောင်စုများသာ |
| **စုစုပေါင်း** | ၇၃ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာတွင်ယင်လုံအိမ်သာများ အသုံးပြုကြသော်လည်း အိမ်တိုင်းစေ့အသုံးပြုခြင်း မရှိသေးပါ။ ကျမ်းမာရေးအသိပညာဆိုင်ရာ အားနည်းနေသေးကြောင်း တွေ့ရသည်။ ထို့ကြောင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေသေးပါသည်။

## (၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

| # | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီး များ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | | ✓ | ဓလေ့ ထုံးစံအရ ဖြစ်နေပါသည်။ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု | ✓ | | ပါဝင်ခွင့်၊ ဆွေးနွေးခွင့်၊ ဆုံးဖြတ်ခွင့် များ ရရှိကြပါသည်။ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ | | ✓ | |

| # | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| | မိန်းကလေးများ/အမျိုးသမီးများအား သံသယ ဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | | | |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | | ✓ | အသိမြင်နည်းပါးသည်။ |
| ၅ | အခြား (ရှိလျှင်) | | | |

ရင်းမြစ်… (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာ၏ အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုမရှိပါ။ သို့သော်လည်း ကျေးရွာ၏ သာရေးနာရေးကိစ္စရပ်များတွင် အားတက်သရော ပါဝင်ကြပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏အသိအမြင်ရှိမှု အားနည်းနေသေးပြီး ဟောပြောဆွေးနွေးပွဲများ ပုံမှန် ပြုလုပ်ပေးစေလိုပါသည်။

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်းအမျိုးအစား | အမျိုးအစား (၁/၂/၃/၄) | ကောင်း/ သင့်/ညံ့ | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် |
|---|---|---|---|---|---|---|
| | | | | မိုးရာသီ | တစ်နှစ်ပတ်လုံး | |
| ရွာတွင်းလမ်းမ | ၂ | ကောင်း | ၂၀၁၅-၁၆ | | ✓ | ဘုတ်ပြင်း-ကော့သောင်း |
| လမ်းသွယ် | ၁ | သင့် | - | | | |
| ရွာချင်းဆက်လမ်း | ၂ | ကောင်း | ၂၀၀၅-၁၆ | | ✓ | ဘုတ်ပြင်း-ကော့သောင်း |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** မြေသားလမ်း - ၁၊ကျောက်ခင်းလမ်း - ၂၊ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃၊ သစ်သားတံတားလမ်း - ၄

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာသည် ပြည်ထောင်စုလမ်းမကြီးဘေး ဝဲ-ယာ တွင် တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။ ရွာတွင်းလမ်းသွယ်များမှာ မြေသားလမ်းများ ဖြစ်ပါသည်။

## (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတားအမျိုးအစား | အရှယ်အစား | ကောင်း/သင့်/ညံ့ | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | မိုးရာသီ | တစ်နှစ်ပတ်လုံး |
| ဆိပ်ခံတံတား | - | - | - | - | - |
| သစ်သားတံတား | - | - | - | - | - |
| ကွန်ကရစ်တံတား | - | - | - | - | - |
| ကြိုးတံတား | - | - | - | - | - |
| ရေပြွန် | - | - | - | - | - |
| | - | - | - | - | - |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာသည် ပြည်ထောင်စုလမ်းမကြီးပေါ်တွင်တည်ရှိသောကြောင့် တစ်နှစ်ပတ်လုံး သွားလာရလွယ်ကူပါသည်။

## (၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | မိုးရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | - | - | - | - |
| ပင်လယ်ရေကြောင်း | - | - | - | - |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊ သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာသည် များသောအားဖြင့်ကုန်းလမ်း တစ်ခုတည်းကိုသာ အသုံးပြုကြသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။

## (၂.၁၁.၄)        သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | ဘေးတွဲဆိုင်ကယ် | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၁၈ | - | ၁၀ | ၅၃ | ၁ | - | - | - |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာသည် ပြည်ထောင်လမ်းမကြီးဘေးတွင် တည်ရှိသောကြောင့် ကုန်းလမ်းကိုသာအသုံးပြုကြသည်။ ရေလုပ်ငန်းထွက် ပစ္စည်းများကိုသာ စက်လှေဖြင့် သွားရောက်ရောင်းချခြင်းမျိုးရှိပါသည်။

## (၂.၁၂)        လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ်(ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | - | | |
| ဆိုလာစနစ် | ၅၂ | | |
| အသေးစားရေအားလျှပ်စစ် | - | | |
| ဒီဇယ်သုံးအင်ဂျင် | ၁၁ | | |
| လေစွမ်းအင် | - | | |
| ဇီဝလောင်စာ | - | | |
| ဖယောင်းတိုင် | ၁၀ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာတွင် ဆိုလာများကိုအများဆုံးအသုံးပြုကြသည်။ သို့သော်အိမ်တိုင်းစေ့မရရှိသေးပါ။ ဆိုလာများအိမ်တိုင်းစေ့ ရရှိရေးအတွက် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ထားသည်။ ဆိုလာများရေရှည်ခိုင်ခန့်စေရန် ထိန်းသိမ်းရေးသင်တန်းများ ပို့ချပေးရန် လိုအပ်နေပါသည်။

## (၂.၁၃)        ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း | အောက်စက် |
|---|---|---|---|---|---|
| အရေအတွက် | ၁၀၁ | ၇ | ၃၀ | ၂၇ | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာတွင် မည်သည့်ဖုန်းလိုင်းမဆို ဆက်သွယ်အသုံးပြုနိုင်ပါသည်။

## (၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | ရွာနီးပင်လယ်ကမ်းခြေသာရှိသည်။ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | အားကောင်းပါသည်။ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | အားကောင်းပါသည်။ |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | နည်းပါးပါသည်။ အားကစားကွင်းမရှိပါ။ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | အသင့်အတင့် ရှိကြပါသည်။ |
| ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး | ဘာသာရေးဘက်တွင် အားသန်ကြပါသည်။ |
| စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှု | နည်းပါးပါသည်။ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာအပန်းဖြေစေရန် ရွာနီးပင်လယ်ကမ်းခြေသာ ရှိပါသည်။ ကျေးရွာတွင် အားကစားကွင်းမရှိပါ။ ကျေးရွာစာကြည့်တိုက်တွင် ပညာဒါန ထောက်ပံ့ပေးမှု နည်းပါးပါသည်။ ဖုန်းလိုင်းမိသဖြင့် အင်တာနက် လက်လှမ်းမီကြသည်။

## (၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု | ဖုန်းလိုင်း ဆက်သွယ်ရေး ကောင်းမွန်ပါသည်။ စာတိုက်မှာ ဘုတ်ပြင်းတွင် ရှိပါသည်။ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | မရှိပါ။ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | တိကျသောကြိုတင်စီစဉ်ရေးဆွဲထားခြင်းမရှိပါ။ |
| ရဲစခန်းများအား လက်လှမ်းမီမှု | ဘုတ်ပြင်းမြို့နယ်ရဲစခန်း (၂မိုင် ၂ဖာလုံ) |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ဖုန်းလိုင်းများ ကောင်းမွန်သဖြင့် ဆက်သွယ်ရေး လွယ်ကူပါသည်။ ပင်လယ်ကမ်းခြေရွာများဖြစ်၍ ရာသီဥတုအခြေအနေအရ သဘာဝဘေးအန္တရာယ် ကြုံတွေ့နိုင်ဖွယ် ရှိပါသည်။ သဘာဝဘေးနှင့်ပတ်သက်၍ တိကျသောကြိုတင်ပြင်ဆင်မှုများမရှိသည်ကိုတွေ့ရသည်။ အမှုခင်းများရှိလျှင် ဘုတ်ပြင်းရဲစခန်းသို့သာ သွားရောက်ကြပါသည်။

## (၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| **စိုးရိမ်/သာမန်/မရှိ** | မရှိ | မရှိ | မရှိ | မရှိ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကမာချောင်းကျေးရွာတွင် ကြီးမားသောမှုခင်းဖြစ်ပွားမှုမရှိဖူးပါ။

## ၅။ နောက်ဆက်တွဲများ

**ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာ- ကမာချောင်း　　　　　　　　　　　　　　　　　　　　　　　အုပ်စု- ကမာချောင်း

| | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | စိုက်ပျိုးရေး | | | | | |
| | • ငွေကြေးအရင်း အနီး | ငွေကြေးထုတ်ချေး မည့်အရင်းအမြစ်မရှိ | စိုက်ပျိုးမြေ လုံလောက် မှုရှိပါသည်။ | ငွေကြေးအရင်း အနီးလုံ လောက်မှု မရှိခြင်း။ | • အတိုးနှုန်းသက်သာ သောအဖွဲ့အစည်း များနှင့် ချိတ်ဆက်ခြင်း၊ အစိုးရ ဌာနများနှင့် ချိတ်ဆက်ခြင်း | စိုက်ပျိုးရေးအတွက် ငွေကြေး နှင့် နည်းပညာပံ့ပိုးပေးရန် |
| | • စိုက်ပျိုးရေးနှင့်ပါ တ်သက်သည့် နည်းပညာ ဗဟုသုတ အားနည်းခြင်း | သက်ဆိုင်ရာနည်း ပညာသင်တန်းများ ပို့ချပေးမှု မရှိခြင်း | သင်ယူမည့်သူ ပေါများ ခြင်း။ | • | • စိုက်ပျိုးရေးနှင့် ပါတ်သက်သည့် နည်းပညာများရရှိ အောင်ကူညီပေး ခြင်း | စိုက်ပျိုးရေးအတွက် ငွေကြေး နှင့် နည်းပညာပံ့ပိုးပေးရန် |

| | | | | | | |
|---|---|---|---|---|---|---|
| ၂ | မွေးမြူရေး | | | | | |
| | • ငွေကြေးအရင်းအနှီး | ငွေထုတ်ချေးမည့် အရင်းအမြစ်မရှိ | မွေးမြူရန်မြေနေရာ ရှိ ခြင်း။ | • ငွေကြေး ထုတ်ချေး မည့်အရင်းအမြစ် ရှိ ခြင်း။ | • အတိုးနှုန်းသက်သာ သောအဖွဲ့အစည်း များနှင့်ချိတ်ဆက် | |
| | သွင်းအားစု | တစ်ခြားအရပ်မှဝယ် ယူသုံးစွဲရခြင်း။ | သွင်းအားစုအစားအစာ ဝယ်ယူရန် ဘုတ်ပြင်းမြို့ နှင့် နီးခြင်း။ | ငွေကြေးအရင်း အနှီးမရှိခြင်း။ | • ဒေသထွက်အစား အစာများကို အဆင်ပြေ အောင်ကျွေးမွေး ခြင်း၊ စွန့်ပစ်အစားအစာ များ စုဆောင်း ကျွေးမွေးခြင်း၊ စားနိုင်သည့် အပင်များရှာဖွေ စုဆောင်း ကျွေးမွေးခြင်း။ | မွေးမြူရေးအတွက် ငွေကြေး၊ နည်းပညာနှင့် အစာများပံ့ပိုးရန် |
| | မွေးမြူရေးနှင့် ပတ်သက်သည့် ရောဂါကာကွယ် သည့်ဗဟုသုတ အခြေခံအားနည်း ခြင်း၊ နည်းပညာမရှိခြင်း | သက်ဆိုင်ရာဌာန များမှ နည်းပညာ ပံ့ပိုးမှု မရှိခြင်း | | • | • နည်းပညာသင်တန်း များ ပို့ချခြင်း၊ သက်ဆိုင်ရာဌာန များနှင့် ချိတ်ဆက် ပေးခြင်း | |

| | | | | | | |
|---|---|---|---|---|---|---|
| ၃ | **ပညာရေး** | | | | | |
| | • ကျောင်းခရီးစရိတ်၊ ကျောင်းအိမ်သာ၊ ကျောင်းအမိုး၊ အားကစားပစ္စည်း | ငွေကြေးမရှိခြင်း | မြေနေရာလုံလောက်မှုရှိ ခြင်း။ | ငွေကြေးမရှိခြင်း။ | • အစိုးရဌာန အဖွဲ့အစည်း များနှင့် ချိတ်ဆက်ခြင်း၊ ကျေးရွာမှ ကိုယ်ထူကိုယ်ထ စနစ်ဖြင့်စည်းရုံး ဆောင်ရွက်ခြင်း | စာသင်ကျောင်းခေါင်မိုးပြုပြင် ခြင်း၊ ဌာနဆိုင်ရာနှင့်ချိတ်ဆက်ပေးရန် |
| ၄ | ကျန်းမာရေး | | | | | |
| | • အိမ်သာစနစ်တကျသုံးစွဲမှု မရှိခြင်း၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်မှုမရှိခြင်း၊ အချိန်မီဆေး ကုသရန် | ဒီရေအတက်အကျရှိနေ သောကြောင့် အိမ်သာ ဆောက်ရန် အခက်အခဲရှိခြင်း၊ စနစ်တကျစွန့်ပစ်ရန် အသိပညာအားနည်းခြင်း၊ ဆေးပေးခန်းနှင့် ကျန်းမာရေး ဝန်ထမ်း မရှိခြင်း | | • | • နည်းပညာအဖွဲ့ အစည်းများနှင့် ချိတ်ဆက်ပေးခြင်း၊ အမှိုက်စွန့်ပစ်ရန် နည်းစနစ်များ၊ အသိပညာများ ဖြန့်ဝေပေးခြင်း၊ ဆေးပေးခန်းနှင့် ကျန်းမာရေး ဝန်ထမ်းများ ထားပေးရန် | ဆေးပေးခန်းများ ဆောင်ရွက်ပေးခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | ရေလုပ်ငန်း | | | | | |
| | • ငွေကြေးအရင်း အနှီး၊ နည်းပညာ၊ သဘာဝအရင်း အမြစ် | ငွေထုတ်ချေးမည့် အရင်းအမြစ်မရှိခြင်း ၊ မဆင်မခြင် ငါးဖမ်းခြင်း၊ ဒီရေတောများ ပြုန်းတီးခြင်း | ရေလုပ်ငန်းကိုသာ အဓိက လုပ်ကိုင်သူ ပေါများခြင်း။ | • အသိပညာ အားနည်းခြင်း။ | • အသိပညာပေးခြင်း၊ ပညာပေးဟောပြောပွဲ များ ပြုလုပ်ပေးခြင်း၊ ဒီရေတောများ ကာကွယ်ခြင်း၊လက် ကမ်းစာစောင်များ ဖြန့်ဝေခြင်း | ရေလုပ်ငန်းနှင့် ပတ်သက်၍ ငွေကြေးအရင်းအနှီး၊ နည်းပညာနှင့် ပညာပေးအစီအစဉ်များ ပံ့ပိုးပေးရန် |
| ၆ | လမ်း၊ တံတားဆောက် | | | | | |
| | • ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လ မ်းများသွားလာ ရန်ခက်ခဲ (ကျွေးချောင်း ကျေးရွာ) | ရေအတက်အကျ ကြောင့် လမ်းပေါ် ရေတက်သဖြင့် အချိန်မီမသွားလာ နိုင်ခြင်း၊ ပြင်ဆင်မှု အားနည်းခြင်း၊ လမ်းကူးသစ်သား ချောင်းများ အရည်အသွေး မကောင်းခြင်း၊ ချဉ်းကပ်လမ်း မရှိခြင်း | လုပ်သား ပေါများခြင်း။ | • အရင်းအနှီး မရှိခြင်း။ | • လမ်းကူးရေပြွန်များ ထည့်သွင်းတည်ဆော က်ခြင်း၊ အချိန်မှန်လမ်းပြုပြင် ခြင်း၊ နည်းပညာပံ့ပိုးမည့် အဖွဲ့ များနှင့် ချိတ်ဆက်ခြင်း၊ အစိုးဌာနများနှင့် ပြန်လည်ချိတ်ဆက် ခြင်း။ | ရွာတွင်းလမ်းပြုပြင်ခြင်း |

## အခြေခံအဆောက်အဦးနှင့် ဦးစားပေးလုပ်ငန်းများ

ကျေးရွာ- ကမာချောင်း　　　　အုပ်စု- ကမာချောင်း　　　　ရက်စွဲ- ၁၅.၉.၂၀၁၇

| ဦးစားပေးအဆင့် | ဦးစားပေးလုပ်ငန်းများ |
|---|---|
| ၁ | ကျောင်းတိုးချဲ့ဆောင် |
| ၂ | ကျောင်းခြံစည်းရိုး |
| ၃ | အားကစားကွင်း |
| ၄ | ကွန်ကရစ်လမ်း(ရွာတွင်း) |

## အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဦးစားပေးလုပ်ငန်းများ

| ဦးစားပေးအဆင့် | ဦးစားပေးလုပ်ငန်းများ |
|---|---|
| ၁ | ဂျင်းကောက်ခြင်း |
| ၂ | ဂဏန်းထောင်ခြင်း |
| ၃ | ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်း |
| ၄ | ကြက်မွေးမြူရေး |
| ၅ | ဝက်မွေးမြူရေး |
| ၆ | ဆိတ်မွေးမြူရေး |

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏

## အခြေခံအဆောက်အဦးနှင့် ဦးစားပေးလုပ်ငန်းများ

ကျေးရွာ- ကမာချောင်း အုပ်စု -ကမာချောင်း ရက်စွဲ- ၃၁.၄.၂၀၂၄

| ဦးစားပေးအဆင့် | ဦးစားပေးလုပ်ငန်းများ |
|---|---|
| ၁ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း |
| ၂ | ကျေးရွာချင်းဆက်ကုန်ထုန်လမ်းဖောက်လုပ်ခြင်း အပိုင်း(၁) |
| ၃ | ကျေးရွာချင်းဆက်ကုန်ထုန်လမ်းဖောက်လုပ်ခြင်း အပိုင်း(၂) |
| ၄ | ကုန်ထုတ်လမ်းပေါ်ရှိ ကွန်ကရစ်တံတား(၁)စင်းတည်ဆောက်ခြင်း |
| ၅ | ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်း |
| ၆ | ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း |

## အသက်မွေးဝမ်းကျောင်းဆိုင်ရာနှင့်ငွေကြေးဦးစားပေးလုပ်ငန်းများ

| ဦးစားပေးအဆင့် | ဦးစားပေးလုပ်ငန်းများ |
|---|---|
| ၁ | အခြေခံအပ်ချုပ်စက်သင်တန်း |